
# မင်းပါကိကင်းကြယ်

## ဒါမ်ဝေးတို့ရဲ့ ကြွေဝေး



# အခန်း (၁)

"အဆင်ပြေရဲ့လား ကောင်လေး"

ဖိုးအေး ခေါင်းညိတ်ရုံကလွဲပြီး ဘာပြောလို့ ရမှာ လဲ။ ခုတ်မောင်းနေတဲ့ ရထားကပဲ မြန်လွန်းလို့ လား မသိဘူး။ ဖိုးအေးရင်ထဲ တလှပ်လှပ်နဲ့ တုန်ရီနေသလိုပဲ။ အိမ်ကနေ ဘာမှ စားမလာလို့ ထင်ပါရဲ့ ။ တုန်နေတဲ့ ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ အသာဖိပြီး ငြိမ်နေမိတယ်။

မိုးဦးကာလ အစမို့ထင်တယ်။ ကောင်းကင် တစ်ခွင်က လွမ်းမောစရာလေးရယ်။ ရင်တုန်တာ သက်သာလာတော့ ရထား ပြတင်းတံခါးပေါင်ပေါ်ကို မေးတင်ပြီး အပြင်ဘက် မြင်းကွင်းကို ငေးမော ကြည့်နေလိုက်တယ်။ သစ်ပင်၊ သစ်ရိပ်တွေက အနောက်မှာ ကျန်နေခဲ့တယ်။ မှ ိုင်းရီဝေနေတဲ့ ကောင်းကင်က ဖိုးအေးကို ညှို့ယူနေသလိုပဲ။ လွမ်းမောစရာ ကောင်းနေတာကတော့ အမှန်ပဲ။ ဖိုးအေး မသိလိုက်ခင်မှာ ဘယ်ကကျလာတဲ့ မျက်ရည်တွေမှန်း မသိဘူး။ ပါးပေါ်ကို တအိအိ လိမ့်ဆင်းလို့ လာတယ်။

"ဟာ... ငါငိုလို့ မဖြစ်ဘူး"

တစ်ယောက်တည်း ရေရွတ်လိုက်မိပေမဲ့ မျက်ရည်တွေက ကျမြဲတိုင်း ကျနေဆဲပဲ။ ဖိုးအေးတောင် ဒီလောက်ငိုနေရင် အိမ်မှာ ကျန်နေခဲ့ရတဲ့ မိသားစုတွေကလည်း ရှုံးပွဲချ ငိုနေတော့မလား။ အဲဒီလို တွေး

လိုက်တော့ မျက်ရည်မိုးတွေက ခုနကထက် ပိုသည်းလာခဲ့တယ်။ မရတော့ဘူး။ ဘယ်လိုမှ ထိန်းထားလို့ မရတော့ဘူး။ သေချာပါတယ်။ အခုချိန်လောက်ဆို အိပ်ရာထဲ လဲနေတဲ့ အဖေရယ်၊ ထမင်းအိုးထဲ ဆန်ဖြည့်ရတဲ့ တာဝန်ကို ပြောင်းလဲ ယူထားရတဲ့ အမေရယ်။ သူတို့ တွေလည်း ဖိုးအေးလိုတွေးပြီး ငိုနေတော့မှာ ပေါ့။ ညီမလေး လုပ်သူကတော့ ကလေးမို့ ခံစားတတ်မှာ မဟုတ်သေးဘူး။ တွေးလေ မျက်ရည်တွေသည်းလေမို့ ရှိုက်သံသဲ့သဲ့လေးတောင် ထွက်သွားသလိုပဲ။ ဖိုးအေးကို ရန်ကုန်ခေါ်လာတဲ့ အန်တီလှခင်ကို ကြည့်တော့ မျက်နှာပေါ် သတင်းစာတင်ပြီး အိပ်နေလိုက်တာ အသက်ရှူဖို့ တောင် မေ့နေသလား ထင်ရတယ်။ ရထားပေါ်မှာ က ခရီးသည် သိပ်မများ ။ စိတ်ရှိတိုင်းသာ ငိုချလိုက်ရင် လူတွေဝိုင်းကြည့်ကြမှာ သေချာတယ်။ မျက်ရည်စတွေကို မည်းမည်းလုံးလုံး လက်ကလေးတွေနဲ့ ဘယ်ပြန်ညာပြန် သုတ်ပစ်လိုက်တယ်။ ပြတင်းတံခါးက တိုးဝင်လာတဲ့ လေစိမ်းတွေက ဖိုးအေးကျောထဲ စိမ့်ခနဲဖြစ်သွားတယ်။

အမေ ထည့်ပေးလိုက်တဲ့ အနွေးထည် ညစ်ညစ်ကလေးကို ထုတ်ပြီး ဝတ်လိုက်တော့ နွေးသွားသလိုပဲ။

မှိုင်းရီဝေနေတဲ့ ကောင်းကင်က အချက်မပေးဘဲ မိုးတိမ်တွေ အဖြစ်ပြောင်းလဲလို့ လာတယ်။ တိမ်တွေ တရိပ်ရိပ် ပြေးနေတယ်။ မကြာလိုက်ပါဘူး။ သိကြားမင်းကြီးလည်း ငိုပါလေရော။ သူ့ခများလည်း လွမ်းလို့နေမှာ ပေါ့လေ။

***